စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်

ဝက်လက်မြို့နယ်

ဖွတ်လှိုင်းကျေးရွာအုပ်စု၊ ဖွတ်လှိုင်းကျေးရွာ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာတမ်း

(ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေနှင့်

ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့် အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ဖွတ်လှိုင်းကျေးရွာ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဝက်လက်မြို့၏ အကူအညီဖြင့် ရေးဆွဲပါသည်။)

၂၀၁၉ခု ၊ ဇွန်လ

မာတိကာ

၁။ တည်နေရာနှင့် ပထဝီအနေအထား ၁

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ ၁

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ ၁

(ခ) စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ ၁-၂

(ဂ) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ ၂-၃

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု ၃

(င) ပညာရေး ၃

(စ) ကျန်းမာရေး ၃

(ဆ) ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ၃

(ဇ) ကျား-မ ရေးရာ ၃

(ဈ) လူငယ်ဖွံ့ဖြိုးရေး ၃

၁၀။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ၄-၅

နောက်ဆက်တွဲ(၁) - ကျေးရွာဖွံ့ဖြိုးရေးဗျူဟာဇယား ၆

အဆိုပြုစီမံချက်ရွေးချယ်မှု ရမှတ်ပေါင်း ၇

ကျေးရွာဖွံ့ဖြိုးရေးကော်မတီဇယား ၈

နောက်ဆက်တွဲ(၂) - ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုဇယားများ

၁။ တည်နေရာနှင့် ပထဝီအနေအထား

ဖွတ်လှိုင်းကျေးရွာသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ဝက်လက်မြို့နယ်နှင့် ရွှေဘိုမြို့နယ် ဆက်သွယ်ထားသော တူးမြောင်းလက်တံမှ လမ်းသွယ်အတိုင်း(၇)မိုင် ခန့်အကွာတွင် တည်ရှိသော ကျေးရွာဖြစ်ပါသည်။ ဝက်လက် - ရွှေဘိုဆက်သွယ်ထားသော တူမြောင်းလက်တံ၏ အနောက်ဘက်ကပ်လျက်တွင်တည်ရှိပြီး အကျယ်အဝန်းအားဖြင့် (၃၀)ဧကကျယ်ဝန်းပါသည်။ ကျေးရွာ၏ ဘေးပတ်လည်တွင် လယ်စိုက်ခင်းများ ရှိပါသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

သဘာဝပေါက်ပင်များမှာ တမာ၊ မန်ကျီး၊ ဇီး၊ ကုက္ကိုအပင်များ ပေါက်ရောက်ပါသည်။ မိုးစပါး၊ နွေစပါးသီးထပ်စိုက်ပျိုးနိုင်သော လယ်မြေ(၈၂၀)ဧကရှိပါသည်။ ကျေးရွာရှိလယ်မြေများမှာ သဖန်းဆိပ်ဆည်ရေသောက် ဧရိယာအတွင်းရှိသဖြင့် စိုက်ပျိုးရေ လုံလောက်စွာရရှိပါသည်။ သဘာဝဆေးဘက်ဝင်အပင်များ အနေဖြင့် ကျောက်ကွဲ၊ မြင်းခွာ၊ ဆင်တုံးမန္တယ်နှင့် ဆင်နာမောင်းပင်များ ပေါက်ရောက်ပါသည်။

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

ဖွတ်လှိုင်းကျေးရွာတွင် ကျေးရွာအခြေပြုအဖွဲ့အစည်းများအားဖြင့် ရွာမိရွာဖအဖွဲ့၊ ဂေါပက၊ ကျေးရွာမီးလင်းရေးကော်မတီ၊ လမ်းကော်မတီ၊ ကျောင်းကော်မတီ၊ လူမှုရေးအဖွဲ့၊ မီးသတ်အဖွဲ့ဟူ၍ ရှိပါသည်။ ရပ်ရေးရွာရေးကိစ္စများတွင် အဖွဲ့အစည်းအားလုံးပူးပေါင်း၍ ကျေးရွာသူ/သားများနှင့် အတူ ဆောင်ရွက်ကြပါသည်။ လမ်းကော်မတီမှ ဦးဆောင်ပြီး ကျေးရွာတောင်သူများ၏ ထည့်ဝင်ငွေများဖြင့် လမ်းပြုပြင်ခြင်းများ ဆောင်ရွက်ကြပါသည်။

ယခင်က ကျေးရွာဖွံ့ဖြိုးရေးအတွက် ရေရှည်စီမံချက်ချမှတ်၍ ဆောင်ရွက်သည့် အဖွဲ့အစည်းဖြစ်သော် လည်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဖွင့်လှစ်သည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲနည်း သင်တန်း တက်ရောက်ပြီးနောက် ကျေးရွာဖွံ့ဖြိုးရေးကို ရေရှည်ဆောင်ရွက်ရန် ကျေးရွာဖွံ့ဖြိုးရေးကော်မတီ ဖွဲ့စည်းခဲ့ပြီး ကျေးရွာ၏ လိုအပ်ချက်များကို စီမံချက်များ ရေးဆွဲထားရှိပြီးဖြစ်ပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

ဖွတ်လှိုင်းကျေးရွာတွင် အိမ်ထောင်စု(၃၇၂)စုရှိပြီး ကျား(၆၃၁)ဦး၊ မ(၇၄၀)ဦး၊ စုစုပေါင်း(၁၃၇၁) ဦးဖြစ်ရာ တစ်အိမ်ထောင်စုလူဦးရေပျမ်းမျှ (၄)ဦးခန့်ရှိပါသည်။ သို့ပါ၍ ကျေးရွာ၏ လူဦးရေမှာ တစ်အိမ်ထောင်လျှင် (၅)ဦးအောက်ဖြစ်သဖြင့် တစ်နိုင်ငံလုံးပျမ်းမျှလူဦးရေနှင့် ယှဉ်လျှင် အရင်းမြစ် နည်းနေပါသည်။ သို့ရာတွင် အလုပ်လုပ်နိုင်သည့်လူဦးရေ (၁၀၀၇)ဦးရှိသဖြင့် လူလတ်ပိုင်းများသည်ကို တွေ့ရပါသည်။ နို့စို့အရွယ် နည်းပါးရခြင်းမှာ စီးပွားရေးမပြေလည်မှုနှင့် သန္ဓေတားဆေးများ သုံးစွဲမှုကြောင့် ဖြစ်ပါသည်။

ဖွတ်လှိုင်းကျေးရွာတွင် လယ်ယာဧက(၈၂၀)ရှိပြီး၊ ယက္ကန်းလုပ်ကိုင်သူများ၊ စက်ချုပ်လုပ်ကိုင်သူများနှင့် ကျပန်းလုပ်ကိုင်သူများ ရှိပါသည်။ အိမ်ထောင်စု(၃၇၂)စုတွင် လယ်ယာစိုက်ပျိုးရေးလုပ်ကိုင်သူ

အိမ်ထောင်စု(၁၅၃)စုရှိပြီး အလုပ်သမားမှာ အိမ်ထောင်စု(၂၁၉)ရှိပါသည်။ စိုက်ပျိုးရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများအဖြစ် ယက္ကန်း၊ စက်ချုပ်နှင့် ဈေးရောင်းဝယ်ရေးလုပ်ငန်းကိုလည်း တွဲဖက် လုပ်ကိုင်ကြပါသည်။ ကျပန်းလုပ်ကိုင်သူများသည် ပျိုးနုတ်၊ ကောက်စိုက် လုပ်ကိုင်ကြပါသည်။

၁

လယ်ယာစိုက်ပျိုးရေးလုပ်ကိုင်သူများသည် မိုးစပါး၊ နွေစပါးသီးထပ်စိုက်ပျိုးကြပြီး စုစုပေါင်း စိုက်ကေ(၈၂၀)ကေ ရှိပါသည်။ မိုးစပါးအနေဖြင့် ရွှေဘိုပေါ်ဆန်း(ဘေးကြား)ကို သြဂုတ်လမှ ဧနနဝါရီလအတွင်း စိုက်ပျိုးကြပါသည်။ တစ်ကေပျမ်းမျှ(၆၅)တင်းခန့်ထွက်ရှိ၍ အမြတ်ငွေရရှိမှုမှာ သင့်တင့်ပါသည်။ နွေစပါးအနေဖြင့် ဂုဂဂ၊ ဘီဂျီ၊ ပုလဲသွယ်နှင့် ရွှေဝါထွန်းတို့ကို မတ်လမှ ဇွန်လအတွင်း စိုက်ပျိုးကြ၍ တစ်ကေပျမ်းမျှ(၉၀)တင်းခန့် ထွက်ရှိပါသည်။ အမြတ်ငွေ သင့်တင့်ပါသည်။ ကျေးရွာရှိလယ်မြေများသည် သဖန်းဆိပ်ဆည်ရေသောက်ဧရိယာတွင် ရှိသဖြင့် နွေ၊ မိုး၊ ဆောင်း ရေလုံလောက်စွာ ရရှိနိုင်သည့် အခွင့်အလမ်းကောင်းရှိပါသည်။ လယ်ယာသုံးစက်ကိရိယာများတွင် ပုဂ္ဂလိကပိုင် ထွန်စက်(၁)စီး၊ လယ်တွန်း ထွန်စက်(၁)စီး၊ ရိတ်သိမ်းခြွေလှေ့စက်(၂)စီး၊ ခြွေလှေ့စက်(၃)စီး၊ ရေစုပ်စက်(၂)လုံး၊ မြက်ရိတ်စက်(၂၀)လုံး ပိုင်ဆိုင်ကြပြီး ကျန်လယ်သမားများသည် ငှားရမ်းအသုံးပြုကြပါသည်။ လယ်သမားများသည် မိရိုးဖလာ စိုက်ပျိုးရေးနည်းစနစ်များဖြင့် စိုက်ပျိုးနေခြင်း၊ ဓါတ်မြေဩဇာသုံးစွဲမှု မမှန်ကန်ခြင်းနှင့် ပိုးမွှားကာကွယ်ရေး စိုက်ပျိုးရေးနည်းပညာများ အားနည်းခြင်းတို့ကြောင့် သီးနှံများ ပိုးမွှားကျရောက်ကာ မြေဆီလွှာများ ပျက်စီးမှု ဖြစ်ပွားရပါသည်။ မိုးစပါး၊ နွေစပါး သီးထပ်စိုက်ပျိုးခြင်းကြောင့်လည်း မြေဆီလွှာများ အရည် အသွေးကျဆင်းလာသည်ကို တွေ့ရပါသည်။ သို့ပါ၍ သီးနှံပိုးမွှားရောဂါအသိပညာပေးခြင်း၊ စိုက်ပျိုးရေး စက်ကိရိယာ သုံးစွဲနည်းသင်တန်းများ ဖွင့်လှစ်ပေးခြင်းများရှိပါက သီးနှံအထွက်နှုန်းများ ပိုမိုမြင့်မားလာ မည်ဖြစ်ပါသည်။

မွေးမြူရေးတွင် နွားများကို လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွင် အသုံးပြုရန်အတွက်သာ မွေးမြူကြ ပါသည်။ ဝက်မွေးမြူရေးအား အိမ်ထောင်စု(၄)စုမှ ဝက်ကောင်ရေ(၅၅)ကောင်၊ ငါးမွေးမြူရေးလုပ်ငန်းအား အိမ်ထောင်စု(၅)စုတို့မှ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ကြပါသည်။

(ဂ) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

ဖွတ်လှိုင်းကျေးရွာသည် ဝက်လက်မြို့နှင့် (၇)မိုင်ခန့်အကွာ ဝက်လက် - ရွှေဘိုဆက်သွယ်သော တူးမြောင်းအနောက်ဘက်ကပ်လျက်တွင် တည်ရှိပါသည်။ ကျေးရွာထိပ်တွင် ဘုန်းကြီးကျောင်းနှင့် စေတီ(၁) ဆူ၊ ရေကန်(၁)ကန်ရှိပါသည်။ ကျေးရွာ၏ တောင်ပိုင်းတွင် လယ်ယာများရှိပါသည်။ ကျေးရွာ၏အရှေ့ဘက် တွင် လက်တံ(၇)တူးမြောင်းရှိကာ ထိုတူးမြောင်းမှ စိုက်ပျိုးရေ လုံလောက်စွာရရှိပါသည်။ တူးမြောင်း၏ အနောက်ဘက်တွင် ကျေးရွာတည်ရှိပြီး ဘေးပတ်လည်တွင် လယ်ကွင်းများရှိပါသည်။ တူးမြောင်းဘောင် လမ်းမကြီးအား အဓိကထား အသုံးပြုပါသည်။

ကျေးရွာတွင်းလမ်းနှင့် ရွာချင်းဆက်လမ်းများသည် ဂျင်းကျောက်များခင်းထားပြီး နှစ်စဉ်ပြင်ဆင် ထိန်းသိမ်းလျက်ရှိပြီး စနစ်မကျသဖြင့် မိုးတွင်းတွင် သွားလာရန်ခက်ခဲပါသည်။ ကျေးရွာတွင် အလယ်တန်း (ခွဲ)ကျောင်း (၁)ကျောင်းရှိပြီး ဆရာ/ဆရာမများမှာ အစိုးရ ခန့်(၈)ဦးနှင့် ကျေးရွာခန့်(၁)ဦး၊ စုစုပေါင်း(၉)ဦး

ရှိပါသည်။ ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် ကျေးရွာတွင် ကျန်းမာရေးဌာနခွဲရှိပြီး သားဖွားဆရာမ(၁)ဦး ရှိပါသည်။

ကျေးရွာသောက်သုံးရေရရှိမှုတွင် ကိုယ်ပိုင်အားဖြင့် အဝီစိတုံကင်(၃၄)တွင်း ပိုင်ဆိုင်ကြပြီး ကျန်အိမ်ထောင်စုများမှာ နီးစပ်ရာရေတွင်းများတွင် တွဲဘက်အသုံးပြုကြခြင်းဖြင့် သောက်သုံးရေလုံလောက်စွာ ရရှိပါသည်။ သောက်သုံးရေအရည်အသွေး စမ်းသပ်ထားခြင်းမရှိပါ။ အိမ်တိုင်းတွင် ကျောက်ခွေများဖြင့် မိုးရေသိုလှောင်ကန်များ ပြုလုပ်ထားရှိပါသည်။

ဖွတ်လှိုင်းကျေးရွာသည် မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးသုံးစွဲသည့် အိမ်ထောင်စု(၂၉၁)စုနှင့် ဆိုလာစနစ်အသုံးပြုသည့် အိမ်ထောင်စု(၈၁)စု ရှိပါသည်။

J

ကျေးရွာတွင် မိုဘိုင်းဖုန်း(၃၈၆)လုံး၊ ရေဒီယို(၉)၊ တီဗွီ(၁၉၆)၊ ဂြိုလ်တုစလောင်း(၁၇၈) ရှိပြီး အိမ်ထောင်စုတိုင်း မိုဘိုင်းဖုန်းသုံးစွဲနိုင်သည်ဟု ဆိုရမည်ဖြစ်ပါသည်။ ဆက်သွယ်ရေးအပိုင်းမှာ မိုဘိုင်းဖုန်းအသုံးပြုကြပါသည်။ သတင်းနှင့်အချက်အလက်များကို ရေဒီယို၊ တီဗွီနှင့်ဂြိုလ်တုစလောင်းမှ ရရှိပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

ဖွတ်လှိုင်းကျေးရွာတွင် စိုက်ပျိုးရေးအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုးစရိတ်ချေးငွေကို လယ်(၁)ဧကလျှင် (၁၅၀၀၀၀/-)ဖြင့် (၁၀)ဧကအထိ ချေးယူရရှိနိုင်ပါသည်။

ဖွတ်လှိုင်းကျေးရွာတွင် အလယ်တန်း(ခွဲ)ကျောင်း(၁)ကျောင်းရှိပြီး ကျောင်းဝန်းဧရိယာမှာ (၁)ဧက ကျယ်ဝန်းပြီး စာသင်ကျောင်း၏ ဧရိယာမှာ(၂၄၃၀)စတုရန်းပေ ကျယ်ဝန်းပါသည်။ ကျောင်းတွင် ပရိဘောဂနှင့် ဆရာ/ဆရာမ လုံလောက်မှု မရှိပါ။

(င) ကျန်းမာရေး

ဖွတ်လှိုင်းကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်းရှိပြီး သားဖွားဆရာမ(၁)ဦး တာဝန်ထမ်းဆောင်လျက်ရှိသောကြောင့် ကျေးရွာသူ/သားများအတွက် ကျန်းမာရေးဝန်ဆောင်မှုတို့နှင့် လက်လှမ်းမှီပါသည်။

အိမ်သာသုံးစွဲမှုအနေဖြင့် အိမ်သာကျင်းအား အုတ်/ဝါးရိုင်းပတ်ဖြင့် ပြုလုပ်ပြီး တစ်ရွာလုံးနီးပါးယင်လုံအိမ်သာများ အသုံးပြုကြပါသည်။

(ဆ) ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ဖွတ်လှိုင်းကျေးရွာ၏ ဘေးပတ်လည်တွင် လယ်မြေများရှိပါသည်။ မြေဆီလွှာများမှာ မူလအသင့်အတင့်ကောင်းမွန်သော်လည်း ဓါတ်မြေဩဇာသုံးစွဲမှု မမှန်ကန်ခြင်း၊ ပိုးမွှားကာကွယ်ရေးအတွက် ပိုးသတ်ဆေးသုံးစွဲမှုနည်းပညာများ အားနည်းခြင်းတို့ကြောင့် မြေဆီလွှာအရည်အသွေးကျဆင်းလာသည်ကို တွေ့ရပါသည်။ ကျေးရွာတွင် ဆိုးရွားသည့် သဘာဝအန္တရာယ် မကြုံတွေ့ရပါ။

(စ) ကျား-မ ရေးရာ

ဖွတ်လှိုင်းကျေးရွာရှိ အမျိုးသမီးများသည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ကြသော်လည်း ရပ်ရွာ၏အရေးပါသော ကိစ္စရပ်များတွင် ဦးဆောင်စီမံမှု အားနည်းနေပါသည်။ အမျိုးသမီး များသည် လယ်ယာစိုက်ပျိုးရေးတွင် ကောက်စိုက်၊ ပျိုးနုတ်ခြင်းများ၊ ယက္ကန်းယက်ခြင်းများ လုပ်ကိုင်ကြပါ သည်။ ဘာသာရေးပွဲတော်များ၊ လူမှုရေးကိစ္စရပ်များတွင် အမျိုးသားများနှင့်အတူ ပူးပေါင်းဆောင်ရွက်ကြပါ သည်။

(ဈ) လူငယ်ဖွံ့ဖြိုးရေး

ဖွတ်လှိုင်းကျေးရွာရှိ လူငယ်များသည် လူမှုရေးလုပ်ငန်းများ၊ ဘာသာရေးကိစ္စများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ကြပါသည်။ သို့သော်လည်း ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှုအနေဖြင့် အသင့်အတင့်သာရှိပါသည်။ လူငယ်များသည် စိုက်ပျိုးရေးလုပ်ငန်းပြီးဆုံးချိန်တွင် အခြားအလုပ်အကိုင်အခွင့်အလမ်းများ လုပ်ကိုင်နိုင်ရန်အတွက်မူ အသက်မွေးဝမ်းကျောင်းပညာများ လိုအပ်နေပါသေးသည်။ လူငယ်များ၏ အသိပညာဖွံ့ဖြိုးတိုးတက်လာရန် စာပေဗဟုသုတများလေ့လာရန် စာကြည့်တိုက် ရှိပါသည်။ ကျေးရွာအားကစားပြိုင်ပွဲများ ကျင်းပသည့်အခါ အခွင့်အရေးတူညီစွာ ပါဝင်ခွင့်ရှိပါသည်။ ကျေးရွာစာကြည့်တိုက်တစ်ခုရှိပြီး ကျေးရွာမှ စာအုပ်များ ထောက်ပံ့ပေးရသည်။

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

ဝက်လက်မြို့နယ်၊ ဖွတ်လှိုင်းကျေးရွာအုပ်စု၊ ဖွတ်လှိုင်းကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများ

စဉ်	ကဏ္ဍ	ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း	ဦးစားပေးအဆင့်
၁	အခြေခံအဆောက်အဦး	အမြင့်တင်ရေစင်တည်ဆောက်ခြင်းနှင့် အိမ်အရောက်ရေပေးဝေခြင်း	၁
၂	အခြေခံအဆောက်အဦး	ရွာတွင်းလမ်းမကြီး ကွန်ကရစ်လမ်းခင်းခြင်း (၂၀၀၀'×၁၃')	၂
၃	အခြေခံအဆောက်အဦး	ရွာတွင် ရေသန့်ပေးဝေနိုင်ရေးအတွက် ရေသန့်စင်စက်	၃
၄	အခြေခံအဆောက်အဦး	ရွာတွင်း ရေဆိုးထုတ်မြောင်းများ အုတ်မြောင်းပြုလုပ်ခြင်း	၄
၅	အခြေခံအဆောက်အဦး	တောင်သူများအတွက် ကုန်ထုတ်လမ်းဖော်ဆောင်ခြင်း	၅

ဝက်လက်မြို့နယ်၊ ဖွတ်လှိုင်းကျေးရွာအုပ်စု၊ ဖွတ်လှိုင်းကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်မည့်ကာလ

စဉ်	ဖွံ့ဖြိုးရေးလုပ်ငန်း	ဦးစားပေးအဆင့်	၂၀၁၈-၂၀၁၉	၂၀၁၉-၂၀၂၀	၂၀၂၀-၂၀၂၁	၂၀၂၁-၂၀၂၂	၂၀၂၂-၂၀၂၃
၁	အမြင့်တင်ရေစင်တည်ဆောက်ခြင်းနှင့် အိမ်အရောက် ရေပေးဝေခြင်း	၁	Â				
၂	ရွာတွင်းလမ်းမကြီး ကွန်ကရစ်လမ်းခင်းခြင်း (၂၀၀၀'×၁၃')	၂		Â			
၃	ရွာတွင် ရေသန့်ပေးဝေနိုင်ရေးအတွက် ရေသန့်စင်စက်	၃			Â		
၄	ရွာတွင်း ရေဆိုးထုတ်မြောင်းများ အုတ်မြောင်း ပြုလုပ်ခြင်း	၄				Â	
၅	တောင်သူများအတွက် ကုန်ထုတ်လမ်းဖော်ဆောင်ခြင်း	၅					Â

နောက်ဆက်တွဲ(၁)

ဝက်လက်မြို့နယ်၊ ဖွတ်လှိုင်းကျေးရွာအုပ်စု၊ ဖွတ်လှိုင်းကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေ ကောင်းများ	အဟန့်အတား နှင့် စိန်ခေါ်မှု	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၁	ရေစင်မရှိ၍ ရေလုံလောက်မှုမရှိခြင်း	ရေစင်နှင့် ရေမီတာ ရရှိလိုခြင်း	ရေစင်ရှိပါက ရေပေးဝေရာတွင် အဆင်ပြေ လုံလောက်စွာ ပေးဝေနိုင်မည်	ငွေကြေးမလုံလောက်ခြင်းနှင့် ငွေကြေးမတတ်နိုင်ခြင်း	ကျေးရွာမှကူညီခြင်း၊ ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ခြင်း	ရေစင်တည်ဆောက်ခြင်းနှင့် ရေမီတာ ရရှိခြင်း
၂	ရွာတွင်းလမ်း သွားလာရခက်ခဲခြင်း	မိုးရာသီတွင် ရွာတွင်းလမ်း သွားလာရခက်ခဲခြင်း	အမာခံလမ်းခြင်း	ရန်ပုံငွေမလုံလောက်ခြင်း	ကျေးရွာမှ ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ခြင်း	ကွန်ကရစ်လမ်း ခင်းခြင်း
၃	သန့်ရှင်းသော သောက်သုံးရေ မရရှိခြင်း	ရေများရှိသော်လည်း သန့်ရှင်းမှုမရှိခြင်း	ဆည်မြောင်းရေရှိခြင်း	ငွေအင်အားနည်းပါးခြင်း	ကျေးရွာမှ သက်ဆိုင်ရာ ဌာနများနှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း	ရေသန့်စင်စက် တည်ဆောက်ခြင်း
၄	ရွာတွင်း ရေဆိုးထုတ် မြောင်းများ ပြုပြင် လိုခြင်း	ရေမြောင်းများရှိသော်လည်း ရေစီးရေလာ အားနည်းခြင်း	ရေစီးရေလာကောင်းမွန် ပါကကျန်းမာရေး အတွက် ကောင်းမွန်ခြင်း	လုပ်အားနှင့် မနိုင်နင်း၍ ငွေအား/စက်အား လိုအပ်ခြင်း	ရွာတွင်း ရေဆိုးများကို ဖော်ယူ၍ ရေမြောင်း များ ပြုလုပ်ခြင်း	ရွာတွင်း ရေမြောင်း များကို အုတ်မြောင်း များ နှစ်စဉ်ပြုလုပ်ခြင်း
၅	တောင်သူများအတွက်	ကုန်ထုတ်လမ်းဖော်	ကုန်ထုတ်လမ်းဖော်	ငွေအားနှင့် စက်ယန္တရား	တောင်သူများ ခွဲတမ်း	တောင်သူများ၏ ဇက

	ကုန်ထုတ်လမ်း ဖော်ဆောင်ပေးလိုခြင်း	ဆောင်ရန် ညီညွတ်မှု ရှိခြင်း	ဆောင်ပါက ၎င်း၀ဝ အကျိုးရှိမည်	လိုအပ်ခြင်း	ထည့်ခြင်းနှင့် သက်ဆိုင် ရာဌာနသို့ အကူအညီ တောင်းခံခြင်း	၂၀၀အတွက်ကုန်ထုတ် လမ်း ဖော်ဆောင်ပေး ခြင်း

ဝက်လက်မြို့နယ် ၊ ဖွတ်လှိုင်းကျေးရွာ အဆိုပြုစီမံချက်ရွေးချယ်မှု ရမှတ်ပေါင်း

စဉ်	စီမံချက်	အမှတ်ပေးသူ ၁	အမှတ်ပေးသူ ၂	အမှတ်ပေးသူ ၃	အမှတ်ပေးသူ ၄	အမှတ်ပေးသူ ၅	အမှတ်ပေးသူ ၆	အမှတ်ပေးသူ ၇	အမှတ်ပေးသူ ၈	အမှတ်ပေးသူ ၉	အမှတ်ပေးသူ ၁၀	ရမှတ်စုစုပေါင်း
၁	အမြင့်တင်ရေစင်တည်ဆောက်ခြင်းနှင့် အိမ်အရောက် ရေပေးဝေခြင်း	၁၀	၁၀	၉	၁၀	၁၀	၈	၉	၁၀	၁၀	၁၀	၉၆
၂	ရွာတွင်းလမ်းမကြီး ကွန်ကရစ်လမ်းခင်းခြင်း (၂၀၀၀'×၁၃')	၁၀	၁၀	၇	၈	၁၀	၁၀	၈	၆	၈	၉	၈၆
၃	ရွာတွင် ရေသန့်ပေးဝေနိုင်ရေးအတွက် ရေသန့်စင်စက်	၈	၇	၇	၆	၈	၉	၁၀	၇	၆	၅	၇၃
၄	ရွာတွင်း ရေဆိုးထုတ်မြောင်းများ အုတ်မြောင်း ပြုလုပ်ခြင်း	၆	၄	၃	၇	၇	၅	၈	၄	၅	၃	၅၂
၅	တောင်သူများအတွက် ကုန်ထုတ်လမ်းဖော်ဆောင်ခြင်း	၂	၅	၇	၂	၄	၅	၆	၃	၂	၄	၄၀

ဝက်လက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ဖွတ်လှိုင်းကျေးရွာအုပ်စု၊ ဖွတ်လှိုင်းကျေးရွာ ကော်မတီဖွဲ့စည်းထားရှိမှုအခြေအနေ

စဉ်	ကျေးရွာအုပ်စု	ကျေးရွာ အမည်	ဖွဲ့စည်း သည့် နေ့	ကော်မတီဖွဲ့စည်းမှု		စာရင်းရှင်အမှတ်	ဖွင့်လှစ် သည့် နေ့စွဲ	မှတ်ချက်
				အမည်	တာဝန်			
၁	ဖွတ်လှိုင်း	ဖွတ်လှိုင်း	၂၅.၁.၂၀၁၉	ဦးငွေဝင်း	ဥက္ကဋ္ဌ	F-236	၁.၂.၂၀၁၉	
၂	။	။		ဦးဝေဆင့်	အတွင်းရေးမှူး			
၃	။	။		ဒေါ်ရီရီသန့်	ဘဏ္ဍာရေးမှူး			
၄	။	။		ဦးကျော်စွာဝင်း	စာရင်းကိုင်			
၅	။	။		ဦးစိုးအောင်	အဖွဲ့ဝင်			
၆	။	။		ဒေါ်ဥမ္မာဝင်း	အဖွဲ့ဝင်			
၇	။	။		ဒေါ်တင်အေး	အဖွဲ့ဝင်			
၈	။	။		ဦးဖြိုးဝေဝင်း	အဖွဲ့ဝင်			
၉	။	။		ဦးတင့်ဆွေ	အဖွဲ့ဝင်			

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၁	၂	၃
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၂၇	၂၈	၅၅
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၄၀	၄၃	၈၃
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၄၈	၃၃	၈၁
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၄၆၂	၅၄၅	၁၀၀၇
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၅၃	၈၉	၁၄၂
စုစုပေါင်း		**၆၃၁**	**၇၄၀**	**၁၃၇၁**
စုစုပေါင်း အိမ်ထောင်စု		**၃၇၂**		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးရှိ ပုံစံ(၆၆/၆)ကို အခြေခံ၍ အိမ်ထောင်စု(၁)ဦးချင်း ပြုစုတင်ပြထားပါသည်။ နို့စို့အရွယ်အလွန်နည်းပါးပြီး အလုပ်လုပ်သူအရွယ် များပြားနေပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အိမ်က အလုပ်အကိုင်		အိမ်က ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ် ထောင်စု	မိသားစု ဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁၅၃			မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၂၁၉			မြင့် ☐ လတ်☑ နိမ့် ☐
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁			မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☑ နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစု ဝင် လုပ်အား		
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☑ နိမ့် ☐
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၁	**လက်လီ– လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစု ဝင်လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				☒
	အလုပ်သမား / ကျပန်း/ ရာသီအလိုက် အလုပ်သမား				
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ် ☐ နိမ့် ☐
	စုစုပေါင်း				☒

ရင်းမြစ် ... (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

မှတ်ချက်။ ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"** အရေအတွက်တွင် **"မိသားစုဝင်လုပ်အား" ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူ များအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင် ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ သက်ရှိတစ်အိမ်ထောင်စုချင်းစီ သတင်းအချက်အလက်များ ကောက်ယူရာတွင် အချို့အိမ်ထောင်စုများမှာ အလုပ်အကိုင်တိကျစွာ မဖော်ပြနိုင်သော အိမ်ထောင်စုများရှိပါသည်။ ကျပန်းအလုပ်လုပ်သူများပြားကာ အလုပ်အကိုင်အခွင့်အလမ်း နည်းပါးပါသည်။ ကျေးရွာတွင် ပညာတတ် နည်းပါးပြီး အသက်မွေးဝမ်းကျောင်းအနေဖြင့် စက်ချုပ်၊ ယက္ကန်းလုပ်ငန်း လုပ်ကိုင်ပြီး အခြားအသက်မွေး ဝမ်းကျောင်း အတတ်ပညာ တတ်မြောက်မှုအားနည်းကြောင်းတွေ့ရှိရပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၇၀၀၀	၃၀၀၀	၄၀၀၀	၂၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်း ခြင်း၊ မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား				
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား				

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ လယ်ယာစိုက်ပျိုးရေးကို ပုတ်ပြတ်အနေဖြင့် လုပ်ကိုင်ကြပါသည်။ အလုပ်ပြီးစီးမှု ကို တနေကုန်/နေ့တဝက်(မွန်းတည့်)ဟုသတ်မှတ်၍ တနေကုန် (ကျား)အများဆုံးလုပ်အားခ ၇၀၀၀/၊ အနည်းဆုံး လုပ်အားခ ၄၀၀၀/ သတ်မှတ်၍ တနေကုန် (မ)အများဆုံး လုပ်အားခ ၃၀၀၀/ အနည်းဆုံး လုပ်အားခ ၂၀၀၀/

သတ်မှတ်ကြပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဧယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၈၂၀	ကောင်း ☐	သင့်☑	ညံ့ ☐
ယာမြေ / တောင်ယာမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ဥယျာဉ်ခြံမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ကိုင်း/ကျွန်းမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ခနိတောမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ		ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ် မြေလပ်		ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	၈၂၀	☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ဖွတ်လှိုင်းကျေးရွာသည် ဆည်ရေသောက်သုံးနိုင်သော ဒေသဖြစ်သည့် လယ်မြေများသာ ရှိပါသည်။ စားကျက်မြေ၊ မြေလွတ်၊ မြေလတ်များမရှိပါ။ ကျေးရွာ၏ ဧရိယာပတ်လည် ဆည်ရေသောက်လယ်များမှာ နွေစပါး၊ မိုးစပါများကို နှစ်စဉ်စိုက်ပျိုးပါသည်။ သို့ဖြစ်ပါ၍ လယ်မြေများသည် နွေစပါးနှင့် မိုးစပါးစိုက်ပျိုးရ သောကြောင့် မြေဆီလွှာ အားကောင်းမှု အသင့်အတင့်သာရှိပါတော့သည်။

(ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဧယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑
ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့်☐ နည်း ☑ မရှိ ☐	လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့်☐ နည်း ☐ မရှိ ☐	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ဖွတ်လှိုင်းကျေးရွာတွင် စိုက်ပျိုးမြေလယ်ယာများမှအပ ဓါတ်သတ္တုနှင့် အခြား သဘာဝအရင်းအမြစ်များ မရှိပါ။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည် သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၅ဧကနှင့်အထက်	၅ဧကအောက်	အခြားနှင့် လယ်ယာလုပ်သား	-
အိမ်အခြေအနေ	တိုက်/ပျဉ်/ထရံ	ပျဉ်/ထရံ	ဝါးထရံ	-
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	ထွန်စက်/လက်တွန်း ထွန်စက်/ကား	လက်တွန်းထွန်စက်/ ထော်လာဂျီ	-	-
အဓိကစီးပွားရေး လုပ်ငန်း	စပါး	စပါး	အခြားဝင်ငွေရှာနှင့် လယ်ယာလုပ်သား	-
အိမ်ထောင်စု	၆၀	၂၀၃	၁၀၉	-

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ဖွတ်လှိုင်းကျေးရွာတွင် အဆင့်(၄)ဖြင့် သတ်မှတ်ဖော်ထုတ်သော အိမ်ထောင် စုအရေအတွက်မရှိပါ။ အဆင့်(၁၊၂၊၃)ဟူ၍ ခွဲခြားထားပါသည်။ အဆင့်(၁)မှာ (၆၀)ဦး၊ အဆင့်(၂)မှာ (၂၀၃)ဦး၊ အဆင့်(၃)မှာ (၁၀၉)ဦးဟူ၍ ခွဲခြားထားပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာ ဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = အစာလျှော့စား = အထောက်အပံ့ယူ = ချေးယူ =

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
		လုပ်အားခကြိုယူ =
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = အစာလျှော့စား = အထောက်အပံ့ယူ = ချေးယူ = လုပ်အားခကြိုယူ =
၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = စာလျှော့စား = အထောက်အပံ့ယူ = ချေးယူ = လုပ်အားခကြိုယူ =

ရင်းမြစ်..ဥစ္စာခနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။……

……..

……..

(c-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်	-	-	-
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု			
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု			
အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု			

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကူညီစောင့်ရှောက်မှု အထူးကိုလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေလုံးဝမရှိသောကြောင့် ဖြစ်သည်။ အခြားသောဒေသအသီးသီးကို သွားရောက်လုပ်ကိုင်ခြင်းမရှိပါ။ ရွာ၏ လယ်ယာမြေစိုက်ပျိုးရေးဌ အခြားဝင်ငွေရလုပ်ငန်းများသာ လုပ်ကိုင်ကြခြင်းပင်ဖြစ်ပါသည်။

(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၃	ရေကြီးခြင်း	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၄	မိုးခေါင်ခြင်း	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၅	အအေးလွန်ကဲခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၆	မုန်တိုင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၇	ငလျင်	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၈	မီးဘေး	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၉	ဆားငန်ရေဝင်မြေ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၂	ငှက်ဖျားရောဂါ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၃	တီဘီရောဂါ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၁၇	လူကုန်ကူးခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲစသည်	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။သာမန်အားဖြင့် လူမှုရေး၊ စီးပွားရေး အသင့်အတင့်ရှိပါသည်။ လမ်းပန်း ဆက်သွယ်ရေး ကောင်းမွန်သောအနေအထားတွင် ရှိပါသည်။ ကျန်းမာရေး၊ ပညာရေး အဆင်ပြေမှု အသင့် အတင့်ရှိပါသည်။ သဘာဝဘေးအန္တရာယ်ကြုံတွေ့နိုင်မှု နည်းပါးသည့်အနေအထားတွင် ရှိပါသည်။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	လူငယ်	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် ☐	လတ် ☑	နိမ့်☐	မရှိ ☐
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် ☐	လတ် ☑	နိမ့်☐	မရှိ ☐
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၂	ဒေသတွင်းပဋိပက္ခ ဇရိယာတွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၅	ဆေးစွဲသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၈	နေရပ်ပြန် အခြေချသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၂၀	ကားမောင်းပြီး အသက်မွေးသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ထိခိုက်လွယ်သည့် အခြေအနေနှင့် ထိခိုက်လွယ်သူများအနေအထားသည် သာမန်အားဖြင့် ရာသီဥတုပြောင်းလဲခြင်းကြောင့်ဖြစ်ပေါ်သော အကျိုးဆက်များနှင့် သဘာဝဘေးအန္တရာယ်နှင့် ဆက်သွယ်သည့်ထက် လူမှုရေး၊ စီးပွားရေး အနေအထားကြောင့် ထိခိုက်သည့်အနေအထားအဖြစ် တွေ့ရသည်။ လူငယ်များအနေနှင့် သောက်စားမူးယစ်သွားလာခြင်းမှလည်း ထိခိုက်လွယ်မှု အနည်းငယ်ရှိသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	သုခဒါယီ	၁☐ ၂☑ ၃☐				ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၂	မီးသတ်အဖွဲ့	၁☐ ၂☑ ၃☐				ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး =☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☑	ကောင်း ☐ သင့် ☑ ညံ့ ☐
၃		၁☐ ၂☐ ၃☐				ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐
၄		၁☐ ၂☐ ၃☐				ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐
၅		၁☐ ၂☐ ၃☐				ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐
၆		၁☐ ၂☐ ၃☐				ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐
၇		၁☐ ၂☐ ၃☐				ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာအခြေပြအဖွဲ့အစည်းများတွင် စီးပွားရေး၊ လူမှုရေးနှင့် ဘာသာရေး၊ ယဉ်ကျေးမှု အခြေခံဖြင့် မျိုးစုံသော အဖွဲ့အစည်းများ(၂)ခုထိရှိကာ အများစုမှာ ပရဟိတအနေဖြင့် ဆောင်ရွက် ပေးကြခြင်းသာ ရှိပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	မြကျွန်းသာ	၁☐ ၂☑ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☑ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၂	ပတ်မြန်မာ	၁☐ ၂☑ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☑ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၃	ခြသေ့်	၁☐ ၂☑ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☑ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၄	ပရော်မီစီတီ	၁☐ ၂☑ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☑ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၅	ဩဘာ	၁☐ ၂☑ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☑ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☑ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၆		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ – ခမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ–ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ – သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။ဖွတ်လှိုင်းကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်ပေးနိုင်သော အခြားအဖွဲ့အစည်း(၅)ခုရှိပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၄၅	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၁၀၉	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧက ကြား	၂၀၃	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက ကြား	၁၂	တောင်သူလတ်
၅	၁၂.၅ ဧက အထက်	၃	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		၃၇၂	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။(၅)ဧကနှင့်အထက်ရှိ တောင်သူ(၁၅)ဦးကို အဆင်ပြေသော တောင်သူကြီးဟု သတ်မှတ်ပြီး၊ ၅ဧကအောက်ရှိ တောင်သူ(၂၀၃)ဦးကို တောင်သူလတ်ဟု သတ်မှတ်ပါသည်။ တောင်သူငယ်နှင့် အခြားဝင်ငွေရလုပ်ငန်းများတွင် လုပ်ကိုင်ကြသော (၁၀၉)ဦးကို အဆင်မပြေသော အိမ်ထောင်စုများဟု သတ်မှတ်ပါသည်။

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် **ရေသွင်းဧရိယာ**

စဉ်	အရင်းအမြစ်	ရေသောက်(	ရေရရှိနိုင်မှု

		ကေ)	တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ တစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်	၈၂၀	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်☑ မဖြေဆိုပါ□	ရှိ☑ မရှိ□ မဖြေဆိုပါ □
၂	ရေလွှဲဆည်		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □
၃	မြစ်ရေတင်စီမံကိန်း		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □
၄	ရေသွင်းမြောင်း		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □
၅	အဝီစိတွင်း		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □
၆	လက်ငင်း ရေတွင်း		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □
၇	စိမ့်စမ်းရေ		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □
၈	ချောင်းရေ		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။ လေ့လာတွေ့ရှိချက်။ ။ကျေးရွာရှိ စိုက်ပျိုးမြေအားလုံးသည် ဆည်ရေသောက်များ ဖြစ်ပါသည်။ ရာသီ အလိုက် ဆည်ရေပေးခြင်းဖြစ်ပါသည်။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ကေ	တစ်ဧက အထွက်နှုန်း				သီးနှံစိုက်ပျိုး သည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကို သာ ရွေးရန်)	အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကို သာ ရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
စပါး	၈၂၀	တင်း		၉၀		မတ်	ဒီဇင်ဘာ	မြင့်□ လတ်☑ နိမ့်□	မြင့်□ လတ်☑ နိမ့်□
								မြင့်□ လတ်□ နိမ့်□	မြင့်□ လတ်□ နိမ့်□
								မြင့်□ လတ်□ နိမ့်□	မြင့်□ လတ်□ နိမ့်□
								မြင့်□ လတ်□ နိမ့်□	မြင့်□ လတ်□ နိမ့်□
								မြင့်□ လတ်□ နိမ့်□	မြင့်□ လတ်□ နိမ့်□
								မြင့်□ လတ်□ နိမ့်□	မြင့်□ လတ်□ နိမ့်□
								မြင့်□ လတ်□ နိမ့်□	မြင့်□ လတ်□ နိမ့်□

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။နွေစပါးနှင့် မိုးစပါးကို အဓိကထား၍ စိုက်ပျိုးကြသည်။ စိုက်ပျိုးသည့် ကာလမှာ နွေစပါး(မတ်မှဇွန်ထိ)၊ မိုးစပါးမှာ(ဇူလိုင်မှဒီဇင်ဘာထိ)ဖြစ်ပါသည်။ အဓိကစိုက်ပျိုးစပါးအမျိုးအစားများမှာ ဘေးကြားနှင့် ဇရာမင်းတို့ဖြစ်ပါသည်။

(၄) လယ်ယာသုံး စက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်း ပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက်
ထွန်စက်	၁			၁၁၀
လက်တွန်းထွန်စက်	၄၁			၁၁၀
အစေ့ချ ကိရိယာ	-			
ရိတ်သိမ်းခြွေလှေ့စက်	၂			၁၁၀
ရိတ်သိမ်းစက်	-			
ခြွေလှေ့စက်	၃			
ရေစုပ်စက်	၂			
ခြေနင်းရေတင်စက်	-			
မြက်ရိတ်စက်	၂၀			

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။စပါးစိုက်ပျိုး/ရိတ်သိမ်းချိန်များတွင်ကိုယ်ပိုင်မရှိသူများသည် ပုဂ္ဂလိက ထွန်စက်/ရိတ်သိမ်းခြွေလှေ့စက်များကို ငှားရမ်းလုပ်ကိုင်ကြပါသည်။

(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကိုရွေးရန်။)
သဘာဝ ရေမြေရာသီဥတု အနေအထား	**အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ☐ မဖြေဆိုပါ☑**
လယ်ယာမြေ အသုံးချနိုင်မှု	**အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ☐ မဖြေဆိုပါ☑**
စိုက်ပျိုးရေ အရင်းအမြစ်	**ပေါများ ☐ အသင့်အတင့်ရှိ☑ မဖြေဆိုပါ☐**
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	**အလွယ်တကူရသည် ☐ ရသည် ☑ မဖြေဆိုပါ ☐**
သီးနှံမျိုးစေ့ ရရှိနိုင်မှု	**မျိုးကောင်းမျိုးသန့်များကို လွယ်ကူစွာ ဝယ်ယူနိုင်သည် ☐ သီးနှံမျိုးစေ့များ ဝယ်ယူရရှိနိုင်သည် ☑ မဖြေဆိုပါ ☐**
သဘာဝဗေဒဆွေး / အော်ဂဲနစ် မြေဩဇာ နှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	**လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည် ☑ မဖြေဆိုပါ ☐**

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက “မဖြေဆိုပါ” ဟူသော အကွက်ကိုရွေးရန်။)
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ	**လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည် ☑ မဖြေဆိုပါ ☐**
လုပ်သားရရှိနိုင်မှု	**အလွယ်တကူ ရနိုင်သည်☐ ရနိုင်သည်☑ မဖြေဆိုပါ ☐**
နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	**အလွယ်တကူ ရနိုင်သည်☐ ရနိုင်သည်☐ မဖြေဆိုပါ ☑**
သီးနှံစျေးကွက်နှင့် ကုန်သွယ်မှု	**သီးနှံများကို လွယ်ကူစွာနှင့် စျေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည် ☐** **သီးနှံများကို ရောင်းချနိုင်သည် ☑ မဖြေဆိုပါ ☐**

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီး ဌာနများ။

လေ့လာတွေ့ရှိချက်။ ။ဖွတ်လှိုင်းကျေးရွာ၏ သီးနှံထွက်နှုန်းတိုးစေရန် တောင်သူများသည် အစဉ်အမြဲ အကောင်းဆုံးဖြစ်စေရေး ကြိုးစားလုပ်ကိုင်နေကြသည်။ မြို့နယ်နှင့် သွားလာရေးအကွာအဝေးလမ်းအနေ အထားမှာလည်း အဆင်ပြေသော ကျေးရွာအဖြစ် တည်ရှိနေပါသည်။ စိုက်ပျိုးရေးသည် ရာသီဥတုနှင့် အဓိက ဆက်နွယ်နေသည့် အနေအထားဖြစ်သည်။

(၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ပြဿနာနှင့် အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက “မဖြေဆိုပါ” ဟူသော အကွက်ကို ရွေးရန်။)
သဘာဝ ရေမြေရာသီဥတု အနေအထား	**မြေဆီဩဇာမကောင်း☐ ရာသီဥတုမမှန်☑ မဖြေဆိုပါ☐**
လယ်ယာမြေ အသုံးချနိုင်မှု	**လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ ☑** **လယ်ယာမြေဆုံးရှုံးမှုများသည် ☐** **လယ်ယာမြေဆုံးရှုံးမှု အသင့်အတင့်ရှိသည် ☐** **ပလပ်မြေများရှိသည် ☐** **ပလပ်မြေအသင့်အတင့်ရှိသည်☐ မဖြေဆိုပါ ☐**
စိုက်ပျိုးရေ အရင်းအမြစ်	**အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ☑**
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	**အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ☑**
သီးနှံမျိုးစေ့ ရရှိနိုင်မှု	**အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ☑**
သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာနှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	**အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ☑**
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ	**အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ☑**
လုပ်သားရရှိနိုင်မှု	**အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ☑**

ပြဿနာနှင့် အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက “မဖြေဆိုပါ” ဟူသော အကွက်ကို ရွေးရန်။)
နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	**အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ☑**
သီးနှံစျေးကွက်နှင့် ကုန်သွယ်မှု	**သီးနှံများကို လွယ်ကူစွာနှင့် စျေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ပါ ☐** **သီးနှံများကိုရောင်းချရန်စျေးကွက်မရှိပါ ☐** **မဖြေဆိုပါ ☑**
ဖျက်ပိုးနှင့် ရောဂါကျရောက်မှု	**ဆိုးရွားစွာကျ ☐ အသင့်အတင့်ကျ ☑ အနည်းငယ် ☐** **မဖြေဆိုပါ ☐**

ရင်းမြစ် (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ဖွတ်လှိုင်းကျေးရွာ သီးနှံထုတ်လုပ်မှုအတွက် အခြေအနေကောင်းများ ရှိသော်လည်း စိုက်ပျိုးနည်းပညာများကို တိကျမှုမရှိ၍ သီးနှံထုတ်လုပ်မှုအတွက် အခက်အခဲပြဿနာများရှိနေပါသည်။

(ခ-၂) မွေးမြူရေးလုပ်ငန်း

(၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ

ဇယား (၁၉) **မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ**

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား	၁၆	၁၃၅
နို့စားနွား	၆	၂၇
ကျွဲ		
မြင်း		
မြည်း		
လား		
ဆိတ်		
သိုး		
ဝက်	၄	၅၅
ကြက်		၅၄၆

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု	ကောင်ရေ
ဘဲ		
နွားနောက်		
ငါးလုပ်ငန်း		
ငါးကန်	၅	
ပုဇွန်ကန်		
ဂဏန်း မွေးမြူရေးလုပ်ငန်း		
ရေချို ငါးဖမ်းလုပ်ငန်း		
ကမ်းလွန် ငါးဖမ်းလုပ်ငန်း		

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

